ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အမိန့်အမှတ်(၁/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်)

ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ကြီးကြပ်ရေးအာဏာပိုင် တာဝန်ပေးအပ်ခြင်း

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သတင်းပို့အဖွဲ့အစည်းများ အနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရသက်မှတ်ချက်များအားလိုက်နာဆောင်ရွက်စေရေးအတွက် အောက်ဖော်ပြပါအဖွဲ့အစည်းများအား ယှဉ်တွဲဖော်ပြပါ သတင်းပို့အဖွဲ့အစည်းများအလိုက် ကြီးကြပ်ရေးအာဏာပိုင်အဖြစ် တာဝန်ပေးအပ်လိုက်သည်-

(က) ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဦးစီးဌာန (ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)။ ရှေ့နေများ၊ နိုထရီပတ်ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများ။

(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ အိမ်ခြံမြေအကျိုးဆောင်များနှင့်အဖိုးတန်သတ္တု ရောင်းဝယ်သူများ။

(ဂ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။ ကျောက်မျက်ရတနာရောင်းဝယ် သူများ။

(ဃ) မြန်မာနိုင်ငံစာရင်းကောင်စီ။ စာရင်းကိုင်များ။

၂။ ကြီးကြပ်ရေးအာဏာပိုင်များသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၉)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၈ တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၃။ ကြီးကြပ်ရေးအာဏာပိုင်များသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ(ဂ) အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်ထည်ဖော်ဆောင်ရွက်ရာ တွင် လိုအပ်သောညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၄။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၅-၂-၂၀၁၇ ရက်စွဲပါ အမိန့်အမှတ်(၂/၂၀၁၇)ကို ဤ အမိန့်ဖြင့်လွှမ်းမိုးပယ်ဖျက်လိုက်သည်။

xxxxxxxxxxxxxxxxxx

ဥက္ကဋ္ဌ
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

စာအမှတ်၊ ၄၃၄၅(၁၁၂၂)/ ၁၀ - ၀၅ / ဦး-၄
ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်

ဖြန့်ဝေခြင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ရှေးနေရှေးရပ်နှင့်စစ်ဆေးရေးဦးစီးဌာန
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
မြန်မာနိုင်ငံစာရင်းကောင်စီ
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
မြန်မာနိုင်ငံကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး
မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း
မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံရှေ့နေများကောင်စီ
မြန်မာနိုင်ငံစာရင်းကိုင်များအသင်း(မစသ)

မိတ္တူကို

ရုံး/လက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အမိန့်အမှတ်(၂/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီ ၈ ရက်)

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း လိုက်သည်-

(က) လုပ်ငန်းအဖွဲ့

(၁) အဖွဲ့ခေါင်းဆောင် — အဖွဲ့ခေါင်းဆောင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

(၂) ရဲမှူးကြီး တစ်ဦး — အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၃) ရဲမှူးကြီး တစ်ဦး — အဖွဲ့ဝင်
မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၄) ရဲမှူးကြီး တစ်ဦး — အဖွဲ့ဝင်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၅) ညွှန်ကြားရေးမှူး တစ်ဦး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၆) ညွှန်ကြားရေးမှူး တစ်ဦး — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး တစ်ဦး — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး တစ်ဦး — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(၉) ညွှန်ကြားရေးမှူး တစ်ဦး — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၁၀) ညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၁၁) ညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၁၃) ညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၁၄) ညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(၁၅) ညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၁၆) ညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ငွေကြေးမူဝါဒရေးရာနှင့်ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန

(၁၇) ညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(ခ) အထောက်အကူပြုအဖွဲ့

(၁) ဒုတိယရဲမှူးကြီးတစ်ဦး အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၂) ဒုတိယရဲမှူးကြီးတစ်ဦး အဖွဲ့ဝင်
မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၃) ဒုတိယရဲမှူးကြီးတစ်ဦး အဖွဲ့ဝင်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၄) ဒုတိယရဲမှူးကြီးတစ်ဦး အဖွဲ့ဝင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

(၅) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၆) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန

(၈) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(၉) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၁၀) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၁၁) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

(၁၂) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၁၃) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၁၄) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(၁၅) ညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၁၆) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
ငွေကြေးမူဝါဒရေးရာနှင့်ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန

(၁၇) ဒုတိယညွှန်ကြားရေးမှူး တစ်ဦး အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

၂။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအမျိုးသား အဆင့် မဟာဗျူဟာ(၂၀၁၉-၂၀၂၃) အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအတွက် နည်းပညာဆိုင်ရာအထောက်အကူပြု ဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ထားသည့် ကုလသမဂ္ဂသဘောတူစာချုပ်များပါ ပြဋ္ဌာန်းချက်များ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များနှင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) ၏ အကြံပြု ချက်များအပေါ် အကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာန အတွက် နည်းပညာအထောက်အကူပြုခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၃။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၏ တာဝန်ဝတ္တရားများကို တိကျစွာသတ်မှတ် အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ ဘဏ်နှင့် ငွေရေးကြေးရေးကဏ္ဍနှင့် စီမံခန့်ခွဲရေးကဏ္ဍဟူ၍ ကဏ္ဍအလိုက် သတ်မှတ်ဆောင်ရွက်ရမည်။

၄။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များ ပြောင်းလဲတာဝန်ပေးအပ်ပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟို အဖွဲ့သို့ အစီရင်ခံစာတင်ပြရမည်။

၅။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသည် မိမိတို့ဌာနအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ နည်းပညာကျွမ်းကျင်မှုအရင်းအမြစ်များ အဆက်မပြတ်စေရေး တာဝန်ပေးဆောင်ရွက်ရမည်။

xxxxxxxxxxxxxx

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း
ဥက္ကဋ္ဌ
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

စာအမှတ် ၊ ၄၃၂၃(၁၉၀၅) /၁၄-၀၃ / ဦး ၄
ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်

ဖြန့်ဝေခြင်း
ပြည်ထဲရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
အကောက်ခွန်ဦးစီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
သစ်တောဦးစီးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
မိတ္တူကို

မျှောစာတွဲ

လက်ခံစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
အမိန့်အမှတ်(၃/၂၀၂၂)
၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

အကြောင်းအရာ။ ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ငွေကြေးခဝါမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၉၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ "ဥပဒေဆိုင်ရာအထောက်အကူပြု အဖွဲ့" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဦးကျော်ကျော်နိုင် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

(ခ) ဒေါ်ဥမ္မာအေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဥပဒေလုပ်ထုံးလုပ်နည်းဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားတရားလွှတ်တော်ချုပ်

(ဂ) ဦးကိုကိုလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြေယာဌာန
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) ဦးစိုးမြင့်လေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(င) ရဲမှူးကြီး မြင့်အေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဥပဒေနှင့်စစ်ဆေးရေးဌာန
မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(စ) ရဲမှူးကြီး သက်နောင် — အဖွဲ့ဝင်
ဌာနမှူး၊ တားဆီးနှိမ်နင်းရေးဌာန
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(ဆ) ဒုတိယရဲမှူးကြီး မြင့်စိုး အဖွဲ့ဝင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

၂။ ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၆-၁၀-၂၀၂၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၉၀/၂၀၂၂ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့(APJG)သို့ ပေးပို့ရသည့် မြန်မာနိုင်ငံ၏တိုးတက်မှုအစီရင်ခံစာရေးသားရာ၌လည်းကောင်း၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရာ၌ လည်းကောင်း AML/CFT နှင့် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အကြံပြုချက်များပေးရန်၊

(ခ) ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF)၏ အကြံပြုချက်စံနှုန်းအချက် (၄၀) အနက် စံနှုန်းနိမ့်လျက်ရှိသည့် အကြံပြုချက်များကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရေး စိစစ်ဆောင်ရွက်ရန်၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ကပြုလုပ်သည့်အစည်းအဝေးများ၊အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ရာ၌ပါဝင်ဆောင်ရွက်၍ လိုအပ်သော ဥပဒေအကြံဉာဏ်များပေးရန်၊

(ဃ) တိုးတက်မှုအစီရင်ခံစာမူကြမ်း(အင်္ဂလိပ်+မြန်မာ)စိစစ်ရေးသားရေးအဖွဲ့၏ တိုးတက်မှုအစီရင်ခံစာများရေးသားရာတွင် လိုအပ်သော ဥပဒေအကြံဉာဏ်များပေးရန်။

(င) ဤအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ထံ အစီရင်ခံတင်ပြရန်။

၃။ ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ သည်လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ ညွှန်ကြားချက်နှင့် အညီဆောင်ရွက်ရန်ဖြစ်သည်။

xxxxxxxxxxxx

ဥက္ကဋ္ဌ
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

စာအမှတ်၊ ၄၃၄၅ ( ၈၄၁၉ ) /၁၄-၀၅ /ဦး ၄
ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
အဖွဲ့ဝင်များအားလုံး

မိတ္တူကို

ဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့
ဒုတိယဥက္ကဋ္ဌ၊ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့
မျော/လက်ခံ